# မင်းသုဝဏ်၏ ကျေးလက်ကဗျာများမှ လူမှုရေးစိတ်ကို ဖော်ညွှန်းသောကဗျာများ လေ့လာချက်

ဒေါ်ခင်ခင်ထွေး[၁]

## စာတမ်းအကျဉ်း

ဤစာတမ်းတွင် မင်းသုဝဏ်၏ ကျေးလက်ကဗျာများမှ လူမှုရေးစိတ်ကို ထင်ဟပ်ပေါ်လွင်စေသည့် "အဘိုးမာဃ၊ ဖိုးသောကြာ၊ ရေချမ်းဒကာဖိုးသောကြာ၊ အဘိုးသြဘာ၊ မောင်ဖိုးတာကြီး၊ ကိုတင်လူလားမြောက်" ကဗျာ(၆)ပုဒ်ကို ရွေးချယ်တင်ပြထားပါသည်။ ထိုသို့တင်ပြရာတွင် အတွင်းလေ့လာမှု (Intrinsic) ဖြစ်သည့် အရေးအဖွဲ့ပုံသဏ္ဌာန်ကို အဓိကမထားဘဲ အပြင်လေ့လာမှု (Extrinsic) ဖြစ်သည့် မင်းသုဝဏ်၏ ကျေးလက်ကဗျာများမှ ဖော်ပြနေသော လူမှုရေးစိတ်ကို အဓိကထား၍ လေ့လာတင်ပြထားပါသည်။

သော့ချက်ဝေါဟာရများ - လူမှုရေးစိတ်၊ ကျေးလက်ကဗျာ

## နိဒါန်း

"မင်းသုဝဏ်၏ ကျေးလက်ကဗျာများမှ လူမှုရေးစိတ်ကို ဖော်ညွှန်းသောကဗျာများ လေ့လာချက်" ဟူသောဤစာတမ်းသည် ခေတ်စမ်းစာဆို မင်းသုဝဏ်ရေးဖွဲ့ခဲ့သော ရာသီဘွဲ့ကဗျာများ၊ အချစ်အလွမ်းကဗျာများ၊ မြန်မာလူမျိုးတို့၏ မျိုးချစ်စိတ်၊ ဇာတိသွေး ဇာတိမာန်ကို လှုံ့ဆော်ပေးသည့် ကဗျာများ၊ ကလေးကဗျာများ၊ ငှက်ကဗျာစု၊ လူ့သဘော လူ့သဘာဝကိုဖော်ညွှန်းသောကဗျာများ၊ ကျေးလက်ကဗျာများ၊ ဆုံးမဩဝါဒပေးသည့် ကဗျာများစသည့်ဖြင့် ကဗျာအမျိုးအစားပေါင်း မြောက်မြားစွာရှိသည့်အနက် ကျေးလက်နေပြည်သူတို့၏ သဘောသဘာဝကိုဖော်ပြသောကဗျာများမှ လူသားတို့ ထားရှိသင့်သည့် လူမှုရေးစိတ်ကိုပေါ်လွင်စေသည့် ကဗျာများအား လေ့လာတင်ပြသွားပါမည်။ ဤစာတမ်းပါ ကဗျာများကို လေ့လာတင်ပြရခြင်းအားဖြင့် မိမိအကျိုးသာမက အများအကျိုးကိုပါ သယ်ပိုးပြီး မိသားစုစိတ်ဓာတ်ဖြင့် စည်းလုံးပျော်ရွှင်စွာ နေထိုင်သော ကျေးလက်နေ မြန်မာ့လူနေမှုဓလေ့ထုံးစံကို သိရှိပြီး ကောင်းမြတ်သော လူမှုရေးစိတ်ဓာတ်ကို မွေးမြူတတ်စေရန် ရည်ရွယ်မှန်းမျှော်ပါသည်။

---

၁ တွဲဖက်ပါမောက္ခ၊ သမဝါယမတက္ကသိုလ် (သန်လျင်)

## လူမှုရေးစိတ်ကိုဖော်ညွှန်းသော ကျေးလက်ကဗျာများ၏ သဘောသဘာဝ

### ကဗျာ၏သဘောသဘာဝ

ပညာရှင်များက ကဗျာ၏သဘောသဘာဝနှင့်ပတ်သက်၍ အနက်အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ဆိုခဲ့ကြပါသည်။ ကဗျာစွယ်စုံကျမ်းကြီးတွင်–

> "ကဝိနော စာရေးဆရာ၊ ကဗျာပညာရှိ၏ ကွဒ်ဥစ္စာဖြစ်သော သီချင်းသည်၊ ကွတိ–ထို့ကြောင့် ကဗျာမည်၏" [၁]

ဟူ၍လည်းကောင်း၊ မြန်မာအဘိဓာန်တွင်–

> "စည်းမျဉ်းများနှင့်အညီ စာလုံး၊ စာပိုဒ်အရေအတွက်၊ ကာရန်အချိတ်အဆက်၊ အသံအနေအထား စသည်ဖြင့် စီကုံးထားသောအဖွဲ့" [၂]

ဟူ၍လည်းကောင်း၊ မြန်မာကဗျာစာတမ်းများတွင်–

> "နရီ၊ နိမိတ်ပုံတို့ဖြင့် ကောင်းသောအတွေး ကောင်းသောအတွေ့တို့ကို ဖော်ကျူးထားသော စကားအဖွဲ့အစည်းသည် ကဗျာဖြစ်သည်။" [၃]

ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။

ကဗျာ၏ သဘောတရားနှင့် ပတ်သက်၍ ပညာရှင်အသီးသီးတို့၏ ဖွင့်ဆိုချက်များကို လေ့လာကြည့်လျှင် ကဗျာသည် နရီနိမိတ်ပုံတို့ဖြင့် ကောင်းသောအတွေး၊ ကောင်းသောအတွေ့တို့ကို ကာရန်အချိတ်အဆက်၊ အသံနေအသံထားဖြင့် စီကုံးဖွဲ့ဆိုထားသော အဖွဲ့အနွဲ့ဖြစ်သည်ဟု လေ့လာထင်မြင်မိပါတော့သည်။

---

၁ ထွန်းရွှေ ၊ ဦး ၊ ၃၂

၂ မြန်မာအဘိဓာန် ၊ ၄

၃ မြန်မာကဗျာစာတမ်းများ ၊ ၂၄၆

## ကျေးလက်ကဗျာ

ကျေးလက်ကဗျာဟူသည်မှာ ကျေးလက်ဒေသရှိ မိဘ၊ ပြည်သူတို့၏ စိတ်နေစိတ်ထား ဓလေ့စရိုက်များကို ဖော်ကျူးရေးဖွဲ့ထားသော ကဗျာများကို ဆိုလိုပါသည်။

ကဗျာလောကတွင် ရှေးခေတ်အခါက ကျေးလက်ကဗျာများသည် နောက်တန်းမှာပင် ရှိနေခဲ့သည်။ ကျေးလက်ကဗျာတို့သည် ဇာတကဝတ္ထုတို့ကိုတန်ဆာဆင်ဖွဲ့ဆိုထားသော ကဗျာမျိုးကဲ့သို့လည်း မထင်ရှား၊ ဘုရားစေတီ၊ ကျောင်းကန်ဇရပ်တို့ အကြောင်းဖွဲ့ဆိုသော ကဗျာမျိုးကဲ့သို့လည်း မကျော်စော၊ လောကကို သံဝေဂယူသော နိဗ္ဗိန္ဒကဗျာများကဲ့သို့လည်း အရေးပေးမခံရ၊ ဘုရင်နှင့်နန်းတွင်းသူ၊ နန်းတွင်းသားတို့၏ ဓလေ့အမူရာကိုဖွဲ့ဆိုသော ကဗျာမျိုးကဲ့သို့လည်း အချီးမွမ်းမခံရ၊ မင်းနေပြည်တော်သာယာပုံ၊ တောတောင် ရာသီဥတုသာယာပုံ၊ မင်းသား၊ မင်းသမီးတို့ လွမ်းဆွတ်ပုံ ဖွဲ့ဆိုသော ကဗျာမျိုးကဲ့သို့လည်း အယုအယမခံရ မှေးမှေးမှိန်မှိန်နှင့် မျက်နှာငယ် ကာနောက်တန်းမှာပင် နေခဲ့ရလေသည်။ စာဆိုအများစုမှာလည်း ကျေးလက်ကဗျာများကို မဖွဲ့ဆိုကြပေ။

ညောင်ရမ်းခေတ်တွင် ဝန်ကြီးပဒေသရာဇာသည် လက်လုပ်လက်စား လူထုအကြောင်းကို နေရာပေးရေးဖွဲ့လာသည်။ ထန်းတက်သမား၊ လယ်သမား၊ ပိန်းကောလှေသမား၊ ကုန်တင်လှေသမား၊ ဆင်ဖမ်းသမား၊ နွားဝန်တင်သမားစသော ဆင်းရဲသား လက်လုပ်လက်စားတို့၏ ဘဝကို စာနာ စိတ်ပေါ်လာအောင် ကဗျာရေးဖွဲ့လာခဲ့သည်။ ထိုကဗျာများကို ရှေးကစာပေသစ်ဟုချီးကျူးကြသည်။ သာမန်ကျေးလက်နေ ပြည်သူတို့၏ဘဝကို ဖွဲ့သောစာပေလမ်းကြောင်း ပေါ်ထွန်းလာခြင်းဖြစ်သည်။

ထို့အပြင် ညောင်ရမ်းခေတ်တွင် ကျေးလက်ပြည်သူတ၏ဘဝကို အရိုးခံအတိုင်းဖွဲ့သော အိုင်ချင်းကဗျာလည်း ပေါ်ထွန်းလာသည်။ အထူးသဖြင့် ကျေးလက်လုလင်ပျို၊ လုံမပျိုကလေး၏ ခံစားမှုကို ဖော်ထုတ်ပြသည်။ ကျေးလက်တောရွာ၏ မြန်မာ့ဓလေ့စရိုက်များထင်ဟပ်နေသည့် ကဗျာများဖြစ်သည်။ အိုင်ချင်းကဗျာ၏အစတွင် "ချစ်တဲ့သူငယ်လေ၊ သူငယ်ချင်းကောင်း ယောက်မတို့လေ" ဟုအစချီကာ အသံမြိုင်မြိုင်ဆိုင်ဆိုင်ဖြင့် ဝိုင်းဖွဲ့ သီဆိုလေ့ရှိကြသည်။ တောင်တွင်းရှင်ငြိမ်းမယ်၏ အိုင်ချင်းမှာ အထူးကျော်ကြားသည်။

ကုန်းဘောင်ခေတ်တွင် ကျေးလက်တောရွာနေ သာမန်ဆင်းရဲသားပြည်သူတို့အကြောင်း ရေးဖွဲ့သော ကဗျာများ ပေါ်ထွန်းလာသည်။ လယ်သူမတိလုပ်ငန်းခွင်တွင် ဟန်ပြသီဆိုသော ဟန်ချင်းများ၊ ဂုဏ်ဖော်ဖွဲ့ဆိုသော ဂုဏ်ချင်းများ၊ ကောက်စိုက်ရင်း မောင်းထောင်းရင်း သီဆိုရသော ကောက်စိုက်မအိုင်ချင်းများ၊ ကောက်စိုက်တေး၊ မောင်းထောင်းတေးများတွေ့ရသည်။ ကျေးလက်ကဗျာများ၏ ရှေ့တော်ပြေးကဗျာများဟု ခေါ်ဆိုနိုင်ပါသည်။ ဤသိဖြင့် ပစ္စည်းမဲ့၊ အာဏာမဲ့သော ဆင်းရဲသား ကျောမွဲ ကျေးလက်နေပြည်သူတို့ကို ချစ်ခင်ကြင်နာလေးစားသော စာဆိုတို့သည် ကျေးလက်ကဗျာများကို ခေတ်အဆက်ဆက်ရေးဖွဲ့လာခဲ့ပါသည်။

## လူမှုရေးစိတ်

လူမှုရေးစိတ်နှင့် ပတ်သက်၍ ပညာရှင်များက အနက်အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ဆိုခဲ့ကြပါသည်။ မြန်မာအဘိဓာန်တွင် "လူ"နှင့် ပတ်သက်၍ အဓိပ္ပာယ်ဖွင့်ဆိုရာတွင်–

"တွေးခေါ်ဉာဏ်ရှိသော ခြေနှစ်ချောင်းသတ္တဝါ" [၁]

ဟူ၍ အနက်အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ 'မှု'နှင့်ပတ်သက်၍ အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင်–

"အရေးထားသည်" [၂]

ဟူ၍လည်းကောင်း၊ 'ရေး'နှင့်ပတ်သက်၍ အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင်–

"အရေးကိစ္စဟူသော အနက်ရရန် ကြိယာကို နာမ်ဖြစ်အောင်
ဆက်သောစကားလုံး" [၃]

ဟူ၍လည်းကောင်း၊ 'စိတ်'နှင့်ပတ်သက်၍ အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင်–

"သဘောထား" [၄]

ဟူ၍ အနက်အဓိပ္ပာယ်အသီးသီး ဖွင့်ဆိုထားပါသည်။

---

၁ မြန်မာအဘိဓာန် ၊ ၃၂၆

၂ မြန်မာအဘိဓာန် ၊ ၂၉၄

၃ မြန်မာအဘိဓာန် ၊ ၃၁၀

၄ မြန်မာအဘိဓာန် ၊ ၁၁၁

ထို့ပြင် ပါဠိမြန်မာအဘိဓာန်တွင် အတ္တဟိတနှင့်ပတ်သက်၍ အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင်–

“မိမိအကျိုး” [၅]

ဟူ၍လည်းကောင်း၊ ‘ပရဟိတ’နှင့် ပတ်သက်၍ အဓိပ္ပာယ်ဖွင့်ဆိုရာတွင်–

“သူတပါး၏ အစီးအပွား” [၆]

ဟူ၍ အနက်အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။

မြန်မာစာ၊ မြန်မာမှု၊ ပါဠိအဘိဓာန်သစ်တွင် ‘အတ္တ’ကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင်–

“စိတ်၊ ကိုယ်၊ သဘောသဘာဝ” [၇]

ဟူ၍လည်းကောင်း၊ ‘ပရ’ကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင်–

“ရန်သူ၊ တစ်ပါး၊ နောက်အဖို့” [၈]

ဟူ၍လည်းကောင်း အနက်အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။

ပါဠိမြန်မာ အဘိဓာန်သစ်တွင် ‘ဟိတ’ကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင်–

“စီးပွားချမ်းသာ” [၉]

ဟူ၍ အနက်အဓိပ္ပာယ်ရပါသည်။ ဖော်ပြပါ ပညာရှင်အသီးသီး၏ ဖွင့်ဆိုချက်များကို လေ့လာကြည့်လျှင်–

အတ္တဟိတ ဟူသည်မှာ–

“မိမိ၏အကျိုးစီးပွား”

ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပါသည်။ ထို့ကြောင့် လူမှုရေးစိတ်ဟူသည်မှာ ပရဟိတစိတ်

“မိမိအကျိုးစီးပွားသာမက၊ အများအကျိုးပါ အလေးထား
ဆောင်ရွက်လိုသောစိတ်”

ဟု ထင်မြင်ယူဆမိပါသည်။

---

၅ ဟုတ်စိန် ၊ ဦး ၊ ၃၆

၆ ဟုတ်စိန် ၊ ဦး၊ ၆၁၇

၇ မြတ်ကျော် ၊ ဦး ၊ ၃၉၆

၈ မြတ်ကျော် ၊ ဦး ၊ ၁၈၁

၉ ဟုတ်စိန် ၊ ဦး ၊ ၁၀၈၃

## မင်းသုဝဏ်နှင့် ကျေးလက်ကဗျာ

မင်းသုဝဏ်သည် ဟံသာဝတီခရိုင် ကွမ်းခြံကုန်းသားဖြစ်၏။ ထိုမြို့မှာပင်မွေးဖွား၍ ထိုမြို့မှာပင် ကြီးပြင်းခဲ့သူဖြစ်သည်။ ကွမ်းခြံကုန်းမြို့မှာ မြို့ဟုခေါ်ရသော်လည်း စင်စစ်ကားမြို့မဟုတ် အရှေ့ဘက်ကွမ်းခြံကုန်းရွာနှင့် အနောက်ဘက်တော် ပုလဲရွာနှစ်ရွာကို ပေါင်းစပ်တည်ထားသော ရွာကြီးသာဖြစ်၏။ ရွာ၏တစဖက် မြေမြင့်ပိုင်းမှာ သစ်တော၊ ဝါးတော၊ ကော်ဖတ်တော၊ ဥယျာဉ်တို့ဖြင့် ဖုံးလွှမ်းလျက်ရှိလေသည်။ ရွာ၏ တစ်ဖက်ပိုင်းမြေနိမ့်ပိုင်းမှာ မြစ်ချောင်းတို့ဖြင့် ယှက်သန်းလျက် လယ်ယာမြေတို့ဖြင့် အတိပြီးသည်။ မြေမြင့်နေသူတို့သည် ဥယျာဉ်လုပ်ကိုင် စားကြ၍ မြေနိမ့်ပိုင်းနေသူတို့သည လယ်ယာလုပ်ကိုင် စားကြသည်။ မင်းသုဝဏ်သည် ထိုသို့သော ပတ်ဝန်းကျင်တွင် ကြီးပြင်းခဲ့သူဖြစ်လေသည်။

မင်းသုဝဏ်သည်(၁၉၂၃)ခန့်မှစ၍ ကျေးလက်ကဗျာများကို ဖွဲ့ဆိုခဲ့လေသည်။ သူစတင် ဖွဲ့ဆိုခဲ့သောခေတ်တွင် ကျေးလက်ကဗျာများသည် ရှေ့တန်းသိုရောက်မလာကြသေး မှေးမှေးမှိန်မှိန် သာရှိလေသည်။ သို့သော် ကျေးလက်ကိုချစ်သော စာဆိုမင်းသုဝဏ်သည် ကျေးလက်နေ ပြည်သူတို့၏ ဘဝအခြေအနေ စိတ်နေစိတ်ထား ဓလေ့ထုံးစံတို့ကို ဖော်ကျူးသည့်ကဗျာများ ဖွဲ့ဆိုခဲ့သည်။

မင်းသုဝဏ်၏ ကျေးလက်ကဗျာများကို လေ့လာကြည့်သောအခါ ထူးခြားချက်များကို လေ့လာတွေ့ရှိရသည်။ ထိုထူးခြားချက်များမှာ ကျေးလက်ပြည်သူတို့၏ မိမိရပ်ရွာကို ချစ်သည့်စိတ်၊ တန်ဖိုးထားသည့်စိတ်၊ ကာကွယ်စောင့်ရှောက်လိုသောစိတ်နှင့် မိမိအကျိုးသာမက အများအကျိုး ရပ်ရွာအကျိုးကိုပါ ကူညီဆောင်ရွက်တက်သော လူမှုရေးစိတ်စေတနာ အပြည့်အဝရှိကြောင်း နှစ်သက်ဂုဏ်ယူဖွယ် လေ့လာတွေ့ရှိရပါသည်။ ကဗျာများ စာများရေးဖွဲ့ရာတွင် စာရေးသူ၏ စိတ်စေတနာ ထင်ဟပ်ပေါ်လွင်စေပါသည်။ ထို့ကြောင့် ထိုလူမှုရေးစိတ်ဓာတ်များသည် စာဆို၏ ရပ်ရွာအကျိုး သယ်ပိုးလိုသော လူမှုရေးစိတ်ဓာတ်ကို ထင်ဟပ်နေသည်ဟု ယူဆနိုင်ပါသည်။

ထို့ပြင် ကျေးလက်ပြည်သူတို့သည် အနေမလှသော်လည်း ရိုးသားဖြူစင်ကြသည်။ တောမှာပင် မွေး၍ တောမှာပင် ခေါင်းချသွားသည်။ မနက်မိုးလင်းမှ မိုးချုပ်သည်အထိ တစ်ယောက်ကို တစ်ယောက် မြင်နေကြရသည်။ ပြောဆိုနေကြရသည်။ ကူညီစရာရှိလျှင် ကူညီ၍ ရန်ဖြစ်စရာရှိ

လျှင် ရန်ဖြစ်လိုက်ကြသည်။ ရွာလူကြီးများက ကြားဝင်ဆုံးမသောအခါ တစ်ယောက်လည်ပင်း တစ်ယောက် ပြန်ဖက်ကြရသည်။ အလှူပွဲတော်ရှိလျှင် အတူသွားအတူလာ စည်းလုံးကြသည်။ နာမှုရှိလျှင် တစ်ယောက်တစ်လက်ဝိုင်းလာကြသဖြင့် ကာယကံရှင်မှာ စိတ်သက်သာ၍ အားရှိသည်။ ငယ်သူများက ကြီးသူကိုရိုသေကြသည်။ မိရင်းဖရင်းသဖွယ် ကူညီဖေးမစောင့်ရှောက်ကြသည်။ ကြီးသူများကလည်း ငယ်သူများကို သွေးရင်းသားရင်းကဲ့သို့ ဆိုဆုံးမ၍ချစခင်ကြသည်။ သို့ဖြင့် တောက အဘိုးကြီး၊ အမယ်ကြီးများသည် သားထောက်သမီးခံ မရှိစေကာမူ ရပ်ရွာကကျွေးမွေး စောင့်ရှောက်ကြသည်။ အဘိုးကြီးအဘွားကြီးများကလည်း အအားမနေသူတို့ တက်အားသမျှ ရပ်ရွာအကျိုးသယ်ပိုးကြသည်။ နဂိုက တောသားဖြစ်၍ ရိုးသားကြရာတွင် ဘာသာတရား အဆုံးအမကလည်း တစ်ဖက်ရှိပြန်ရာ တောကအဖိုးကြီးများသည် ရေချမ်းစင်တည်၍ ကုသိုလ်ယူကြ၏။ တံမြက်စည်းလှည်း၍ မအားမနေကုသိုလ်ယူကာ အများအကျိုး ရပ်ရွာအကျိုး ဆောင်ရွက်ရင်း ပျော်ရွှင်စွာနေထိုင်ကြသည်။ ထိုကျေးလက်ကဗျာများထဲမှ ကျေးလက်နေပြည်သူတို့၏ လူမှုရေးစိတ် ထင်ရှားပေါ်လွင်နေသော ကဗျာ(၆)ပုဒ်ဖြင့် လေ့လာတင်ပြလိုပါသည်။

## မင်းသုဝဏ်၏ ကျေးလက်ကဗျာများမှ လူမှုရေးစိတ်ကို ဖော်ညွှန်းထားသော ကဗျာများ လေ့လာချက်

ခေတ်စမ်းစာဆို မင်းသုဝဏ်သည် ကျေးလက်ဒေသတွင် မွေးဖွားကြီးပြင်းခဲ့ပြီး ကျေးလက်ဒေသကို ချစ်သည့် စာဆိုဖြစ်သည်။ ထို့ကြောင့် ကျေးလက်ကဗျာများ အများအပြား ရေးခဲ့ပါသည်။ မငးသုဝဏ်ဖွဲ့ဆိုသော ကျေးလက်ကဗျာများမှ ထင်ရှားသော ကဗျာများမှာ သပြေသီးကောက်၊ ဥပုသ်စောင့်၊ ပန်းသည်၊ လူကလေးရဲ့အမှတ်အသား၊ သဘက်ဆေး၊ ရွှေဇယ်ပွဲ၊ ထုပ်ဆီးတမ်း၊ ကြာဆစ်ကြိုး၊ ပုခက်လွှဲချင်း၊ ခါနွေးဆန်းတော့လွမ်းမိတယ်၊ ဖြောသံ၊ ဝါတွင်းချိန်၊ ထွေးညိုကြမှာ၊ နှင်းဆီပွင့်၊ လယ်စောင့်တဲကလေး၊ ဤလယ်ကွင်း၊ ငယ်လင်မောင်ကြီး၊ သူ့မျှော်ခင်း၊ ရိုးပြတ်လမ်းငယ်၊ ဖိုးမောင်လာပြီ၊ အဘိုးမာဃ၊ ရေချမ်းဒကာဖိုးသောကြာ၊ အဘိုးသြဘာ၊ မောင်ဖိုးတာကြီး စသည်ဖြင့် များပြားလှသော ကျေးလက်ကဗျာများအနက်မှ လူသားတိုင်းထားရှိသင့်သည့် လူမှုရေးစိတ်ကို ဖော်ညွှန်းထားသော ကဗျာ(၆)ပုဒ်ဖြင့် လေ့လာတင်ပြထားပါသည်။

## အဘိုးမာဃ

"အဘိုးမာဃ"ကဗျာသည် ၁၉၈၆ခုနှစ် နိုဝင်ဘာလထုတ် လုံမလေးမဂ္ဂဇင်းတွင် ဖော်ပြထားသော ကဗျာဖြစ်ပါသည်။ မိမိ၏ရပ်ရွာကို မိမိ၏အိမ်၊ ရွာသူရွာသားများကို မိသားစုကဲ့သို့ သဘောထားပြီး အသက်အရွယ် ကြီးရင့်သွားသည့်တိုင် မိမိတတ်နိုင်သည့်ဘက်မှ ရပ်ကျိုး၊ ရွာကျိုးသယ်ပိုးရင်း ဘဝကို ရောင့်ရဲပျော်ရွှင်စွာ နေထိုင်သည့် အဘိုးအိုတစ်ဦး၏အကြောင်းကို ဖော်ပြထားခြင်းဖြစ်ပါသည်။

အဘိုးမာဃ ဟူသည် အမည်ရင်းလည်းဖြစ်နိုင်သည်။ မာဃလုလင်နှင့်တူသောကြောင့် ''အဘိုးမာဃ'' ဟုအမည်သစ်ပေးထားသည်လည်းဖြစ်နိုင်သည်။ ထိုနေ့က အဘိုးမာဃ၏ မွေးနေ့ ဖြစ်သည်။ ရွာဆော်ကြီးနှင့်လူငယ်များသည် အဘိုးမာဃအား မိမိ၏အဘိုး မိမိ၏ဖခင်ကဲ့သို့ သဘောထားပြီး ချစ်ခင်နွေးထွေးစွာ အဘိုးထံသို့သွားကြသည်။ အဘိုးအတွက် ပန်းပူဇော်ရန် စံပယ်ပန်း၊ ဇွန်ပန်းနှင့် မြတ်လေးပန်းများကို ယူသွားကြသည်။ အဘိုးသည် သာခုခေါ၍ပူဇော်သည်။ ဝေနေယျတို့အား အမျှဝေသည်။ ထို့နောက်နေရောင် လင်းလကသောအခါ တံမြက်စည်းကိုင်၍ ရွာလမ်းမတစ်လျှောက် တံမြက်စည်းလှည်းသည်။ ဤကဲ့သို့ အဘိုးသည် ရပ်ကျိုးရွာကျိုးအတွက် နိစ္စဓူဝ တာဝန်ယူ၍ အေးချမ်းစွာနေထိုင်သွားလေသည်။ မိသားစုစိတ်ဓာတ်တို့ တည်နေကိန်းအောင်းရာ မြန်မာ့ကျေးလက်အလှပင်ဖြစ်သည်။ တစ်နည်းဆိုသော် လူမှုရေးစိတ်အပြည့်ရှိသည့် မြန်မာ့ကျေးလက်အလှပင်ဖြစ်ပါသည်။ ကဗျာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

### "အဘိုးမာဃ"

မနက်မိုးနှင့်

အဘိုးအိပ်ပျော်၊ နိုးခါသော်၌

ရွာဆော်ကြီးနှင့် လူငယ်များ

အဘိုးဆီကို အတူသွား။

အဘိုးသည်နေ့၊ ဘိုးမွေးနေ့မို့

သက်စေ့တင်ဖို့ ကျွန်တော်တို့သည်

လာပို့ပါသည် မွေးကြိုလန်း

စံပယ် ဇွန်ဖြူ မြတ်လေးပန်း။

သာခုပါဗျား ငါ့မြေများဟု

သွားကြားလေထွက်၊ ငါမိန့်မြွက်၍

သက်စေ့ပူဇော်၊ မြတ်ရှင်တော်ကို

ကော်ရော်ရိုကျိုး၊ သူ့ရှိခိုးသည်

မိုးမြေအနံ့ မေတ္တာပို့

အမျှဝေသည် အများဖို့။

ရကြပါစေ အမျှဝေပြီး

နေရောင်အလက်၊ အိမ်မှထွက်၍

တံမြက်ကိုင်ကာ သူလှဲ(လှည်း)ပါသည်

ရွာအလယ်က၊ ရွာလမ်းမ။

နိစ္စဓူဝ လုပ်နေကျ။

စကားမဟ နှုတ်ငြိမ်စွ။

အဘိုးမာဃ၊ ဘိုးမာဃ။ ။

ဖိုးသောကြာ

ရေကျိုးဆယ်ပါးဟူသည့်အတိုင်း မိမိ၏ အိမ်ရှေ့၊ ခြံရှေ့၊ ရွာအဝင်လမ်း သစ်ပင်ကြီးများ အောက်တွင် ရေချမ်းစင်တည်၍ ရေကုသိုလ်ယူသည့် ဓလေ့မှာချစ်စရာကောင်းသည့် မြန်မာ့ရိုးရာဓလေ့ပင်ဖြစ်ပါသည်။ ခရီးသွားများသည် ခရီးတစ်ထောက်နားရင် ရေချမ်းစင်မှ ရေကိုသောက်ပြီး အနားယူကြသည်။ ရေချမ်းစင်တည်သည့် ဓလေ့မှာ ကုသိုလ်ရယူချင်သည့် စိတ်သက်သက် မဟုတ်ဘဲ ခရီးသွားများရေအေးအေးကို သောက်သုံးရင်း အမောပြေပါစေ ဟူသည့် ကိုယ်ချင်းစာစိတ် မေတ္တာစေတနာအပြည့်ဖြင့် ရေချမ်းစင်တည်ခြင်းဖြစ်သည်။ ထိုရေချမ်းစင်များကို အများအားဖြင့် ကျေးလက်ဒေသများတွင် တွေ့နိုင်ပါသည်။ မြန်မာလူမျိုးတို့၏ ဂုဏ်ယူစရာကောင်းသည့် လူမှုရေးစိတ်ကို ဖော်ပြနေခြင်း ဖြစ်ပါသည်။ ဤအကြောင်းအရာကို ဆရာမင်းသုဝဏ်က "ရေချမ်း၊ ဒကာဖိုးသောကြာ"ဟု ဖိုးသောကြာကို ဇာတ်ဆောင်ထားပြီး ကဗျာ နှစ်ပုဒ်ရေးဖွဲ့ခဲ့ပါသည်။

"ဖိုးသောကြာ"ကဗျာသည် ၁၉၈၈ခုနှစ်၊ ဇန်နဝါရီလထုတ် လုံမလေးမဂ္ဂဇင်းတွင် ဖော်ပြထားသော ကဗျာဖြစ်ပါသည်။ ဖိုးသောကြာသည် ရွာ၏ခရေပင်တန်းတွင် ရေချမ်းစင်တည်ထားပါသည်။ စာဆိုသည် ဖိုးသောကြာ၏အတွေးနှင့် လက်တွေ့အလုပ်ကိုယှဉ်၍ ကဗျာရေးဖွဲ့သည်။ ဖိုးသောကြာသည် အသက်ရလာပြီဖြစ်ရာ ခန္ဓာကိုယ်သည် စွမ်းအားကျလာသည်။ ဖိုးသောကြာသည် ရှေ့ကကဲ့သို့ ရေထမ်းပြီး သောက်ရေအိုး(ရေချမ်းစင်အိုး)များကို ရေမှန်မှန်မဖြည့်နိုင်တော့ပါ။ ဟိုတုန်းကမူ တစ်မနက်အတွင်းမှာပင် ရှိသမျှရေအိုးများကို ပြည့်အောင်ရေဖြည့်နိုင်ခဲ့သည်။ ယခုအခါမူ နေထန်းတစ်ဖျားအထိ နားနားနေနေထမ်းပါလေမှ ရေအိုးစေ့ရုံရှိတော့သည်။ ရှင်ရဟန်းတို့ ခရီးသွားရင်း ပင်ပင်ပန်းပန်း သန်းသန်းဝေဝေဖြစ်လာလျှင် နားချင်ကြရာမှာပဲ။ ခရီးသွားတွေ စိတ်ချမ်းသာစွာ နားနေနိုင်ဖို့ ခရေပင်တန်းကို လှည်းကျင်းရ၊ သဲခင်းရဖို့ ငါမစွမ်းနိုင်တော့ပေ။ ဟိုလူလာပါ ဒီလူလာပါဟု တွေ့ရသမျှကို အကူညီတောင်းရမှာလဲ အားနာစရာကောင်းသည်။ ဤသို့ဖြင့် ဖိုးသောကြာသည် အတွေးနယ်ချဲ့ရင်း ငါများသေသွားရင်ဟု တွေးမိလျှင် ထိတ်ကနဲ ဖြစ်သွားလေသည်။ ဆက်မတွေးရဲပေ။ အတွေးစကိုဖြတ်၍ ကန်ထဲသို့ဆင်းကာ ရေခပ်ပါမှ စိတ်ကြည်လင်သွားလေသည်။ အိမ်ပြန်ရောက်လျှင် ဇနီးနှင့်တကွ သားသမီးမြေးတစ်စုတို့ ဝိုင်းလာသောအခါ သောကပျောက်လေသည်။ အိမ်ခါးပန်းမှာ ခေါင်းတင်ပြီး နက်ဖြန်နံနက် ရေဖြည့်ရဦးမည်ဟုတွေးရင်း အိပ်ပျော်သွားလေသည်။ ထို့ကြောင့် သေမည့်အတွေးကို အလုပ်ဖြင့် ဖယ်ရှား၍ ဖိုးသောကြာ စိတ်ကြည်လင်သွားပုံကို –

"သည်လိုတစ်မျိုး၊ ဟိုတစ်မျိုးနှင့်

ဝိုးတိုးဝါးတား၊ သူစဉ်းစားသည်

ငါများသေသွားခဲ့ပါသော်။

ဆက်မတွေးရဲ၊ မတွေးဘဲနှင့်

ကန်ထဲဆင်းကာ၊ ရေခပ်ပါမှ

စိတ်မှာကြည်လင်သွားတော့သည်။

ရေဖြည့်အပြီး၊ အိမ်ပြန်ပြီးလျှင်

ဇနီးမယား၊ သမီးသားနှင့်

မြေးများရံဝန်း၊ အိမ်ခါးပန်းတွင်

အပန်းဖြေကာ၊ ချွေးသိပ်ပါသည်

စိတ်မှာတွေးသည် နက်ဖြန်ခါ။

ရေအိုးပြည့်အောင် ဖြည့်ဖို့ရာ။

သို့နှင့်အိပ်ပျော်သွားလေပါ။

ရေချမ်းဒကာ ဖိုးသောကြာ။”

ဟူ၍ ရေချမ်းဒကာဖိုးသောကြာ၏ မေတ္တာစေတနာ၊ အိုမင်းမစွမ်းသည့်တိုင် ရပ်အကျိုး ရွာအကျိုး ဦးထိပ်ထားသယ်ပိုးလိုသော လူမှုရေးစိတ်ပြည့်ဝပုံကို လေးစားဖွယ်ဖော်ပြထားပါသည်။

**ရေချမ်းဒကာဖိုးသောကြာ**

ထို့ပြင် ဆရာမင်းသုဝဏ်အသက်(၈၀)အရွယ် ၁၉၈၉ခု၊ မတ်လထုတ် စာပေမဂ္ဂဇင်း၌ “ရေချမ်းဒကာ ဖိုးသောကြာ” ဟူ၍ ကဗျာနောက်တစ်ပုဒ်ဆက်ရေးသည်ကို တွေ့ရပါသည်။

ထိုကဗျာတွင် လူတို့သည် လိုချင်မှုလောဘ၊ မုန်းတီးမှုဒေါသနှင့် မွေးဖွားလာသူဖြစ်သည်။ လောဘဒေါသသည် အရိုင်းဇာတ်ကြီးဖြစ်သည်။ ထိုပြင် လူသည် လောဘ၊ ဒေါသ အပြင် အသိဥာဏ်လည်းရှိပြန်ရာ အင်အားရှိလျှင် ဗိုလ်ကျအနိုင်ယူချင်သည်။ လူ၏အင်အားသည် ငွေနှင့်လက်နက်ဖြစ်သည်။ သိပ္ပံနည်းပညာများကြောင့် ယနေ့လူ့ကမ္ဘာသည် ရုပ်ဝတ္ထုပစ္စည်းဖြင့်ချမ်းသာသူသာ အလွန်ချမ်းသာ၍ ဆင်းရဲသူက ပိုမိုဆင်းရဲလာကြသည်။ ထိုအခါကြီးနိုင်ငယ်ညှင်း ပြုတတသော အရိုင်းဇာတ်ကြီးသည် ပို၍ထကြွလာသည်။ လူအချင်းချင်း လိမ်ကြ၊ ကောက်ကြ၊ လှည့်ဖျားကြသည်။ ခွန်အားကြီးသူက ခွန်အားနည်းသူကို အနိုင်ယူကြသည်။ ထိုအခါခွန်အားနည်းပါး အောက်လူများသည် ဆင်းရဲတွင်း၌ နစကြရသည်။ လူသည် လောဘ၊ ဒေါသကြောင့် တစ်ယောက်ကို တစ်ယောက် သတ်ကြ၊ ဖြတ်ကြ၊ ဗုန်းခွဲကြနှင့် သွေးချောင်းစီးသည့် စစ်ပွဲကြီးများဖန်တီးပြီး သူ့ထက်ငါအပြိုင် သတ်ကြ ဖြတ်ကြ အားမရနိုင်အောင်ရှိကြသည်။

စာဆိုမင်းသုဝဏ်သည် အသက်(၈၀)အရွယ်သို့ ရောက်သောအခါ လူ့ကမ္ဘာ၏ ကြီးနိုင်ငယ်ညှင်းစနစ်ကို မီဒီယာအမျိုးမျိုးမှ မမြင်ချင်ဘဲမြင်၊ မကြားချင်ဘဲကြားနေရလေသည်။ တိုးတက်သည်ဆိုသော မြို့ကြီးပြကြီးနိုင်ငံကြီးများတွင် မေတ္တာတရားသည် တစ်နေ့ထက်

တစ်နေ့ ခေါင်းပါးလျက်ရှိသည်။ သို့ရာတွင် ဆင်းရဲသော ကျေးလက်တောရွာများတွင် မေတ္တာတရား ထွန်းကားနေဆဲဖြစ်သည်။ မိမိအကျိုးသာမက ရပ်ကျိုးရွာကျိုးအများအကျိုးပါ ဆောင်ရွက်သော လူမှုရေးစိတ်ဓာတ်ပြည့်ဝနေဆဲဖြစ်သည်ကို စာဆိုက 'ရေချမ်းဒကာဖိုးသောကြာ' ကဗျာတွင်

"အကောင်းမမျှော်၊ ကြောင်းမလျော်နှင့်

မတော်လောဘ၊ မုန်းဒေါသတို့

ထကြွနှောက်မွှေ၊ ပင်လယ်ဝေစဉ်

ရေချမ်းဒကာ၊ ဖိုးသောကြာကား

ရွာအဝင်လမ်း၊ ခရေတန်းတွင်

ရေချမ်းတည်လျက်၊ ဝတ်မပျက်"

ဟူ၍ ဖော်ပြထားသည်။

အဘိုးသြဘာ

ကျေးလက်တောရွာများ၏ ချစ်စရာကောင်းသော ဓလေ့ကား မိတဆိုး၊ ဖတဆိုးကလေးများအား ရပ်ရွာကဝိုင်းဝန်းစောင့်ရှောက်သကဲ့သို့ သက်ကြီးရွယ်ကြီး သားထောက်သမီးခံမရှိသည့် အဘိုး၊ အဘွားများကို မိရင်း၊ ဖရင်းသဖွယ် ဝိုင်းဝန်းစောင့်ရှောက်ရန် ဝန်မလေးသည့် လူမှုရေးစိတ်ပင်ဖြစ်သည်။ ဗုဒ္ဓဘာသာဝင်များပီပီ သက်ကြီးရွယ်အိုများကို ပြုစုစောင့်ရှောက်ရသည်မှာ မင်္ဂလာတစ်ပါးပင်ဖြစ်သည်။ ကုသိုလ်ရသည်ဟူ၍ ပီတိစိတ်ဝင် ဝိုင်းဝန်းစောင့်ရှောက်ကြခြင်းဖြစ်သည်။ ထိုအကြောင်းကို မင်းသုဝဏ်က "အဘိုးသြဘာ" ကဗျာဖြင့်ဖော်ပြထားသည်။

အဘိုးသြဘာသည် အသက်ကကြီး အထောက်အခံသားချင်း ဆွေမျိုးလည်းမရှိသဖြင့် ဆင်းရဲသည်။ ဆင်းရဲသည့်ကြား မကျန်းမာသောကြောင့် ပိုဆိုးသည်။ အရပ်လှည့်ကာ အလှူခံရသည်။ အရပ်ကလည်း ဆန်၊ ဆီ၊ ဆား စားစရာတို့ကို ပေးလှူကြသည်။ ရလာသော ပစည်းများက ခဏအတွင်းမှာပင်မနည်းပါ။ အဘိုးသြဘာ၏အိမ်နားက ဒေါ်ဖော့ကြီးက အဘိုးသြဘာကို ချက်ပြုတ်ပေးသည်။ အဘိုးသြဘာကလည်း ဒေါ်ဖော့ကို မျှဝေပေးသည်။ ဒေါ်ဖော့ကြီးသည် ဈေးတောင်းကို ခေါင်းရွက်စရာမလိုတော့ပေ။ အရပ်ကသိသောအခါ သဒ္ဓါတိုး၍ သာခုခေါ်ကြတော့သည်။ ကျေးလက်တောရွာ၏ တစ်ဦးနှင့်တစ်ဦး ရိုင်းပင်းကူညီစောင့်ရှောက်တတ်

သော လူမှုရေးစိတ်ကား ဝမ်းမြောက်ကြည်နူးစရာကောင်းလှပါသည်။ ထိုသို့ လူမှုရေးစိတ်ဓာတ်ကို စာဆိုက အဘိုးသြဘာ၏ ဘဝဖြင့် ဖော်ပြသည်။

အဘိုးသြဘာ

အသက်ကကြီး၊ မကျန်းမာ
ဘိုးသြဘာကြီး၊ ဆင်းရဲရှာ
ကျွန်တော်တွေ့ပါ၊ ထိုခါက
အရပ်လှည့်၍ လှူခံရ။
လှူကြပါသည်၊ ဆန် ဆီ ဆား
ခဏတွင်းမှာ၊ မနည်းပါး။
အိမ်နားဒေါ်ဖော့၊ သူချက်ကျွေး
ဘိုးအို ဝမ်းသာ၊ ခွဲဝေပေး။
ခွဲဝေပေးလို့၊ ဒေါ်ဖော့မှာ
ဈေးမရောင်းဘဲနေနိုင်ပါ။
ထိုခါ ကာလ၊ ရပ်ရွာက
သာဓုခေါ်ကြ၊ ကြားမဝ
ဘိုးဘိုးသြဘာ ကံကောင်းစွ။
ဒေါ်ဖော့ကြီးလည်းကုသိုလ်ရ။

## မောင်ဖိုးတာကြီး

"မောင်ဖိုးတာကြီး"ကဗျာသည် ၁၉၈၇ခုနှစ်၊ မတ်လထုတ် လုံမလေးမဂ္ဂဇင်းတွင် ဖော်ပြထားသော ကဗျာဖြစ်ပါသည်။ မောင်ဖိုးတာကြီးသည် တောသားလူရိုး၊ လူကောင်းဖြစ်၍ ရပ်ကျိုးရွာကျိုး သယ်ပိုးသော လူမှုရေးစိတ်အပြည့်ရှိသူဖြစ်ပါသည်။

မောင်ဖိုးတာကြီးသည် ဈေးထဲတွင် ရေခပ်ခြင်း၊ ဆေးထောင်းခြင်း၊ ဆန်ထမ်းခြင်း၊ ဈေးကူရောင်းခြင်းစသည့် အောက်ခြေသိမ်းအလုပ်မျိုးစုံကို လူမှုရေးစိတ်အပြည့်ဖြင့် အခကြေးငွေ မယူဘဲ ကူညီလုပ်ကိုင်ပေးနေသူဖြစ်သည်။ မောင်ဖိုးတာကြီးသည် ဈေးသူဈေးသားများ၏

ခိုင်းဖက်အဖြစ် အားကိုးရသူ ယုံကြည်စိတ်ချရသူဖြစ်လေသည်။ ထို့သို့အခကြေးငွေမယူဘဲ သူငါခိုင်းဖက်အဖြစ် လုပ်ကိုင်နေသော မောင်ဖိုးတာကြီးမှာ သူတောင်းစားလို့ထင်ရလောက် အောင်ပင် အလွန်ဆင်းရဲသူ ဖြစ်သည်။ ကိုယ်ရောင်မှာမွဲတေပြီး အဖာတစ်သောင်း၊ အကျီ ဟောင်းနှင့် သူတောင်းစားဟုထင်၍ လုပ်အားခဝိုင်းပေးကြသော်လည်း ပေးသမျှကို သူမလိုဟု လက်ကာကာဖြင့်ဆိုသူဖြစ်သည်။ မောင်ဖိုးတာကြီးသည် သူများအကျိုးကူညီလုပ်ကိုင်ပေးနေရသည် ကိုပင် ကျေနပ်အားရပီတိဖြစ်နေသူဖြစ်သည်။ မောင်ဖိုးတာကြီးသည် အလုပ်မှာစေတနာထည့် ထားသဖြင့် လူတိုင်းက သူ့လုပ်အား သူ့အကူအညီကို ကျေကျေနပ်နပ်ဖြစ်ကြရသည်။ မောင်ဖိုးတာကား အလွန်ဆင်းရဲသော်လည်း အပေးသာရှိ၍အယူမရှိသော လူရိုးလူကောင်း လူထူးဆန်းကြီးဖြစ်သည်။

ယခုအများခိုင်းဖက် မောင်ဖိုးတာကြီးသည် ငယ်ငယ်ရွယ်ရွယ်နှင့်ဆုံးသွားရှာသည်။ အိမ်ခြေ မရှိသောကြောင့် သူ၏အလောင်းကို ဈေးထဲမှာပဲထားကြရသည်။ ဈေးဝယ်သူများက ရွံရှာစက်ဆုပ် ကြသည်။ အယုတ္တမစဏ္ဍာလကို ဈေးဆိုင်တွေကြားမှာထားရသလားဟု ရေရွတ်ကြသည်။

ဈေးဝယ်သူများက မောင်ဖိုးတာကြီးကို သူတို့နှင့်မဆက်ဆံဘူးသောကြောင့် သနားရမှန်း မသိပါ။ ဈေးသူဈေးသားများကမူ လူမှုရေးစိတ်အပြည့်ရှိသော မောင်ဖိုးတာကြီး သဘော ကောင်း မနောကောင်းကို မသနားဘဲမနေနိုင်ပါ။ မောင်ဖိုးတာကြီး၏ လူမှုရေးစိတ်ကို မင်းသုဝဏ် က အောက်ပါအတိုင်း ဂုဏ်ပြု ဖောပြထားပါသည်။

### မောင်ဖိုးတာကြီး

ဈေးကြို့ထဲတွင်၊ အလောင်းစင်ကို

သူဟင် ငါဟင်၊ ဈေးဝယ်များ။

အယုတ္တမ၊ စဏ္ဍာလကို

ထားရမည်လား၊ ဆိုင်တွေကြားတဲ့။

တကယ်တော့ကာ၊ မောင်ဖိုးတာသည်

သူငါခိုင်းဖက်၊ ရေခပ်ဆေးထောင်း

ဝိုင်းရောင်း ဆန်ထမ်း၊ လုပ်ငန်းဖုံဖုံ

လုပ်မျိုးစုံသည်၊ ယုံကြည်စိတ်ချရသောသူ။

ကိုယ်ရောင်ခပ်မွဲ၊ သူဆင်းရဲမို့

အပြဲတစ်ရာ၊ အဖာတစ်သောင်း

အင်္ကျီဟောင်းနှင့်၊ သူတောင်းစားဟုထင်စရာ။

လုပ်ခကိုင်ခ ဝိုင်းပေးကြလည်း

ပေးသမျှ၊ သူမလိုဟု

ငြင်းဆိုကာသာ၊ သူလက်ကာ၏။

ပေးခါမယူ၊ ယူခါပြန်အပ်

ငွေကျပ်အများ၊ ဈေးသူသားတို့

သိမ်းထားပေးကြပါလေသည်။

ယခုများခါ၊ မောင်ဖိုးတာကို

သူငါအများ၊ ဝိုင်းကုစားလျက်

သမားမနိုင်၊ ကြမ္မာယိုင်ခဲ့

ဆိုင်တိုင်း လူတိုင်း၊ ဝမ်းနည်းရ။

သတိရတိုင်း၊ မျက်ရည်ကျ။

အပြဲတစ်ရာ၊ အဖာတစ်သောင်း

အင်္ကျီဟောင်းနှင့်၊ တောင်းစားပမာ

မောင်ဖိုးတာသည်၊ ခုခါလွှမ်းထား

အင်္ကျီများနှင့်၊ ခါးမှာသစ်လွင်

ပုဆိုးဆင်သော်၊ မြင်သူတိုင်းအံ့သြရ။

မောင်ဖိုးတာမှ၊ ဟုတ်ပါစ။

သုံးရက်အရောက်၊ သေနတ်ဖောက်၍

ရွာနောက်သုသာန်၊ ပို့ဆောင်ဟန်မှာ

ရှေ့ယံတစ်ဆိုင်း၊ နောက်တစ်ဆိုင်းနှင့်

သချိုင်းထိမ္ဘု၊ လူစည်လှ၏။

ဈေးကလူများ၊ ဝိုင်းသနား၍

အများပြည်သူ၊ ဝိုင်းကြည်ဖြူသည်

သူဟင် ငါဟင်၊ သူတောင်းစား

အခုတော့ကား၊ ဆေမျိုးသား

မောင်ဖိုးတာကြီး၊ ကောင်းရာသွား

ဆုတောင်းမေတ္တာ စိတ်တွေပွား။

## ကိုငတင်လူလားမြောက်

"ကိုငတင်လူလားမြောက်"ကဗျာသည် ၁၉၈၇ခုနှစ်၊ မတ်လထုတ် ရှုမဝမဂ္ဂဇင်းတွင် ဖော်ပြထားသော ကဗျာဖြစ်ပါသည်။ ဆရာမင်းသုဝဏ်တို့ ငယ်ငယ်ကစားအရွယ်က ရွာလယ်ပိုင်းမှ ကိုငတင်ဟုခေါ်သော လူကျင်လူကောင်းတစ်ယောက်အကြောင်း ဖော်ပြထားခြင်း ဖြစ်ပါသည်။ လူကျင်ဆိုသည်မှာ အလုပ်ကျွမ်းကျင်သူဖြစ်သည်။ လူကောင်း ဆိုသည်ကား ကာယကံမှု၊ ဝစီကံမှုအရ စိတ်ထားကောင်းသူဖြစ်သည်။ ကိုငတင်သည် မိတဆိုး ဖတဆိုးဖြစ်ရာ ဆွေမျိုးများက ဝိုင်း၍ ကျွေးမွေးကြရသည်။ ကိုငတင်သည် တောအလုပ်ခေါ် လက်အလုပ် ဖြစ်သည့် အုန်းပင်တက်၊ ကွမ်းပင်တက်၊ ကွမ်းရွက်ခူး၊ ဓနိခုတ်အကုန်တက်သည်။ လူမှုရေးစိတ်ဓာတ်အပြည့်ရှိသော ကိုငတင်သည် မိမိရွာကို မိမိအိမ်၊ ရွာသူရွာသားများကို မိသားစုကဲ့သို့သဘောထားကာ ရွာ၏ သာရေး၊ နာရေးအလုပ် အကုန်လုပ်သည်။ ထင်းခွေရေခပ် အလုပ်များသာမက၊ ဓနိရုံက အလုပ်သမားများ တိုလီမိုလီခိုင်းစရာရှိ ခိုင်းကြရာ စိတ်ချရအောင် ကျွမ်းကျင်စွာ လုပ်ကိုင်ပေးသူဖြစ်သည်။ ထိုသို့အခကြေးငွေမယူဘဲ ကူညီလုပ်ကိုင်ပေးနေရသည်ကိုပင် ဝမ်းသာပီတိဖြစ်နေသူဖြစ်သည်။

သို့ရာတွင် ကိုငတင်မှာ မိဘမဲ့ဖြစ်၍ အရွယ်လွန်သည့်တိုင် ရှင်မပြုရသေးပေ။ ထိုအခါ ရွာသူရွာသားများက ကိုငတင်အား မိမိတို့၏ သားပမာ သဘောထားကာ လူမှုရေးစိတ်ဓာတ် အပြည့်ဖြင့် စုပေါင်းပြီး သာမဏေဘောင်သို့ သွတ်သွင်းပေးကြလေသည်။ ကိုငတင်သည် ဝါတွင်းလေးလတိုင်တိုင် ကိုရင်ဘဝမှာနေသည်။ ထိုအခါမှစ၍ ကိုငတင်ဟုမခေါ် ကိုရင်ဟု

ခေါ်ကြသည်။ ယခုမှပင် ကိုတင်လူလားမြောက်၍ လူရှိသေရှင်ရိုသေဘဝသို့ ရောက်ရသည်။ ဤသို့ဖြစ် တစ်ဦးကမေတ္တာ၊ တစ်ဦးကစေတနာဆိုသကဲ့သို့ ကိုတင်သည်ရပ်အကျိုးရွာအကျိုးကို စေတနာထည့်ထား၍ လုပ်ကိုင်ပေးသကဲ့သို့ ရပ်ရွာကလည်း ကိုတင်ကို ပြန်လည်စောင့်ရှောက်သည်။ တစ်ဦးနှင့် တစ်ဦးရိုင်းပင်း ကူညီသည့် လူမှုရေးစိတ်ဓာတ်ကို စာဆိုက ''ကိုတင်လူလားမြောက်'' ကဗျာဖြင့် ဂုဏ်ပြု ဖော်ပြထားပါသည်။

"ကိုတင်လူလားမြောက်"

ကျုပ်တို့ငယ်ငယ်၊ ကစားရွယ်က
ရွာလယ်ပိုင်းတွင်၊ ကိုတင်ဟု
လူကျင်လူကောင်း၊ တစ်ယောက်ရှိ။
အမိတဆိုး၊ ဖတဆိုးမို့
ဆွေးမျိုးသားချင်း၊ စောင်မခြင်းဖြင့်
ကြီးပြင်းခဲ့ရသူ့ခများ။
အုန်းပင်ကိုတက်၊ ကွမ်းသးတက်နှင့်
ကွမ်းသီးဖက်ဆုတ်၊ ခနိခုတ်သည်
အလုပ်မရွေး၊ သူကျွမ်းကျင်
ကျုပ်တို့ရွာက ကိုတင်။
သာရေးနာရေး၊ လှူဒါန်းရေးနှင့်
ရပ်ရေးရွာမှု၊ အစုစုလည်း
တစ်ခုမငြင်း၊ အကုန်ရှင်းသည်
ထင်းခွေရေခပ်၊ သူကျွမ်းကျင်
ကျုပ်တို့ရွာက ကိုတင်။
ဆေးလိပ်ခုံက၊ လုပ်သမနှင့်
ခနိရုံက၊ လုပ်သမတိ
တိုလီမုတ်စ၊ ခိုင်းသမျှလည်း

လုပ်ရမအား၊ သူကျွမ်းကျင်

ကျုပ်တို့ရွာက ကိုင်တင်။

အရွယ်လွန်မှ၊ သတိရ၍

ရွာကလူများ၊ စုပေါင်းအားနှင့်

ရွာဖျားကျောင်းတွင်၊ ကိုင်တင်ကို

ရှင်ပြုကြပါလေရာ။

ဝါတွင်းလေးလ၊ ရှင်ဘဝ၌

ခေါ်ကြကိုရှင်၊ မည်သစ်တွင်၍

ငတင်မည်ဟောင်း၊ ပျောက်လေ၏

ကိုရှင်မည်သစ် ရောက်လေ၏။

ခုမှလူလားမြောက်ပေ၏။

ခင်မင်လေးစားလောက်ပေ၏။

## ခြုံငုံသုံးသပ်ချက်

မင်းသုဝဏ်၏ကဗျာများကို ၁၉၂၆ခုမှ ၁၉၉၅ခုနှစ်အထိ အနှစ်(၇၀)ခန့်ကြာအောင် ပုံနှိပ်စာလုံးများဖြင့် ဖော်ပြထားသည်ကို တွေ့ရသဖြင့် ကဗျာရေးသက်အလွန်ရင့်သူဖြစ်ကြောင်း တွေ့ရသည်။ ယခုဖော်ပြခဲ့သော ကျေးလက်ကဗျာများဖြစ်သည့် "အဘိုးမာဃ"၊ "ရေချမ်းဒကာ ဖိုးသောကြာ"၊ "အဘိုးသြဘာ"၊ "မောင်ဖိုးတာကြီး"၊ "ကိုငတင်လူလားမြောက်" ကဗျာတို့မှာ စာဆို အသက်(၇၀) ကျော်အရွယ်တွင် ရေးဖွဲ့ခဲ့သော ကဗျာများဖြစ်သည်။ စာဆိုသည် မြို့ကြီးပြကြီးတွင် အနေကြာပြီး အသက်အရွယ်ရလာသည့်အခါ ငယ်စဉ်ကကျေးလက်ဒေသတွင် နေထိုင်ခဲ့ရသည်များကို သတိရလွမ်းဆွတ် ဟန်တူသည်။ အထူးသဖြင့် မြို့ကြီးပြကြီးများတွင် အတွေ့ရနည်းသည့် ကျေးလက်နေပြည်သူတို့၏ ရိုးသားဖြူစင်ပုံ၊ တစ်ဦးအရေးကြုံလျှင်မနေနိုင်ဘဲ မိမိအရေးကဲ့သို့ ဝိုင်းဝန်းကူညီလုပ်ကိုင်တတ်ပုံ၊ စည်းလုံးညီညွတ်ပုံ၊ သက်ကြီးရွယ်ကြီးများကို မိဘကဲ့သို့ သဘောထား၍ ရိုသေပုံ၊ ပြုစုစောင့်ရှောက်ပုံ၊ သက်ကြီးရွယ်ကြီးများကလည်း ရပ်ရေးရွာရေးကို တတ်နိုင်သည့်ဘက်မှ ကူညီလုပ်ကိုင်ပုံ၊ မိတဆိုး ဖတဆိုးများကိုလည်း ရပ်ရွာကဝိုင်းဝန်းကူညီ စောင့်ရှောက်ပုံ၊ အချင်းချင်းအပြန်အလှန် ရိုင်းပင်းကူညီကြပုံ စသည်ဖြင့် မိမိအကျိုးသာမက အများအကျိုးကိုပါ သယ်ပိုးပြီး မိသားစုစိတ်ဓာတ်ဖြင့် စည်းလုံးပျော်ရွှင်စွာ နေထိုင်သော ကျေးလက်တောရွာဓလေ့ကို လွမ်းဆွတ်သတိရဟန်တူသည်။ စာဖတ်သူများကိုလည်း သိရှိခံစားစေလိုဟန်တူသည်။

ထို့ကြောင့် "ဘိုးမာဃ၊ ဖိုးသောကြာ၊ အဘိုးသြဘာ၊ မောင်ဖိုးတာကြီး၊ ကိုငတင်" စသည့် အများအကျိုးအတွက် ကိုယ်ကျိုးစွန့်အနစ်နာခံတတ်သည့် လူမှုရေးစိတ်ဓာတ်အပြည့်ရှိသည့် စံပြဇာတ်ဆောင်တစ်ဦးချင်းစီအကြောင်းကို ကဗျာရေးဖွဲ့ထားခြင်းဖြစ်ပါသည်။ စာဆို၏စေတနာကြောင့် ဖော်ပြပါ ကျေးလက်ကဗျာများသည် ကျေးလက်နေပြည်သူတို့၏ စိတ်နေစိတ်ထား၊ ဓလေ့ထုံးစံများ ပေါ်လွင်လှသည်ကို နှစ်သက်ဖွယ်တွေ့ရပါသည်။ ထို့ပြင်စာဆိုဖော်ပြလိုသော ကျေးလက်ပြည်သူတို့၏ မိမိအကျိုးသာမက အများအကျိုးသယ်ပိုးလိုသော လူမှုရေးစိတ်ကိုလည်း အတုယူဖွယ်တွေ့မြင်ရပါသည်။

## နိဂုံး

“မင်းသုဝဏ်၏ ကျေးလက်ကဗျာများမှ လူမှုရေးစိတ်ကို ဖော်ညွှန်းသော ကဗျာများ လေ့လာချက်” ဟူသော စာတမ်းကို ဥာဏ်စွမ်းရှိသမျှတင်ပြခဲ့ပါသည်။ မင်းသုဝဏ်၏ များပြားလှစွာသော ကျေးလက်ကဗျာများထဲမှ လူမှုရေးစိတ်ကို ဖော်ညွှန်းသောကဗျာ(၆)ပုဒ်ကို ကိုးကား၍ လေ့လာခဲ့ပါသည်။ ဤစာတမ်းသည် မိမိအကျိုးသာမက အများအကျိုးကိုပါ သယ်ပိုးပြီး မိသားစုစိတ်ဓာတ်ဖြင့် စည်းလုံးပျော်ရွှင်စွာ နေထိုင်သော မြန်မာ့လူနေမှုဓလေ့ထုံးစံကို ဖော်ပြ၍ ကောင်းမြတ်သော လူမှုရေးစိတ်ဓာတ်ကို မွေးမြူတတ်စေရန်၊ “အမျိုးသားရေးစိတ်နှင့် လူမှုရေးစိတ်အခြေခံပြည့်ဝသော သမဝါယမစီးပွားရေးပညာတတ်များ မွေးထုတ်ပေးရန်”ဟူသည့် သမဝါယမတက္ကသိုလ်၊ ကောလိပ်များ၏ ရည်မှန်းချက်အတိုင်း လူမှုရေးစိတ်လေ့လာလိုသည့် ကျောင်းသား၊ ကျောင်းသူများအတွက် အထောက်အကူအဖြစ် ညွှန်းဆိုနိုင်မည်ဟု ထင်မြင်ယူဆမိပါသည်။

## ကျေးဇူးတင်လွှာ

ဤစာတမ်းဖြစ်မြောက်ရေးအတွက် ပညာအမွေပေးခဲ့သော လက်ဦးဆရာ မိဘနှစ်ပါး၊ မြန်မာစာပေကို ခုံမင်မက်မောအောင် သင်ကြားလမ်းညွှန်ပေးခဲ့သော ဆရာကြီး ဒေါက်တာခင်အေး (အငြိမ်းစားပါမောက္ခ၊ ဌာနမှူး၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်)၊ ဆရာမကြီး ဒေါ်ပို (အငြိမ်းစားပါမောက္ခ၊ ဌာနမှူး၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်)၊ ဒေါက်တာအောင်မြင့်ဦး (ပါမောက္ခ၊ ဌာနမှူး၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်)နှင့် သင်ဆရာများအားလုံး၊ စာတမ်းရေးသားတင်သွင်းခွင့်ပြုခဲ့သော ဒေါက်တာရီရီဝင်း (ပါမောက္ခချုပ်၊ သမဝါယမတက္ကသိုလ်၊ သန်လျင်)၊ ဒေါ်မြင့်မြင့်စိန် (ဒုတိယပါမောက္ခချုပ် (သင်ကြား)၊ သမဝါယမတက္ကသိုလ်၊ သန်လျင်)၊ ဒေါက်တာအေးအေးမော် (ပါမောက္ခ၊ ဌာနမှူး၊ မြန်မာစာဌာန၊ သမဝါယမတက္ကသိုလ်၊ သန်လျင်) နှင့် မြန်မာစာဌာနမှ လုပ်ဖော်ကိုင်ဖက်ဆရာမများအားလုံးကို ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။

## ကျမ်းကိုးစာရင်း


မြန်မာအဘိဓာန်။ (၂၀၀၀)။ ဩဂုတ်လ (ဒုကြိမ်)၊ မြန်မာစာအဖွဲ့ဦးစီးဌာန။

မြတ်ကျော်၊ ဦး။ (၂၀၀၅)။ မြန်မာစာ၊ မြန်မာမှု ပါဠိအဘိဓာန်သစ် (ပကြိမ်)၊
မြန်မာစာအဖွဲ့ဦးစီးဌာန။

ဟုတ်စိန်၊ ဦး။ (၁၉၅၄)။ ပါဠိ-မြန်မာအဘိဓာန်သစ်၊ ရန်ကုန်၊ ပုံနှိပ်ရေးနှင့်စာရေးကိရိယာဌာန။

မင်းသုဝဏ်။ (၁၉၉၇)။ ကဗျာပေါင်းချုပ် (ပကြိမ်)၊ ရန်ကုန်၊ စာပေလောက။

ဟုမ်ဝမ်၊ မောင်။ (၂၀၁၂)။ မင်းသုဝဏ်နှင့်ကဗျာ၊ ရန်ကုန်၊ ရှုဝံစာအုပ်တိုက်။

မြန်မာကဗျာစာတမ်းများ၊ (၁၉၈၄)။ (ဒုကြိမ်)၊ ရန်ကုန်၊ စာပေဗိမာန်စာအုပ်တိုက်။

သော်ဇင်၊ ဦး။ (၁၉၆၈)။ ကဗျာလမ်းညွှန်၊ (တကြိမ်)၊ ရန်ကုန်၊ ကာလာမောင်ဝင်းပုံနှိပ်တိုက်။

ထွန်းရွှေ၊ ဦး(ဓမ္မာစရိယ)။ (၁၉၉၇)။ ကဗျာစွယ်စုံကျမ်းကြီး၊ (ပဥ္စမအကြိမ်)၊ ရန်ကုန်၊
ပညာအလင်းပြစာပုံနှိပ်တိုက်။

# မင်းသုဝဏ်၏ ကျေးလက်ကဗျာများမှ လူမှုရေးစိတ်ကို ဖော်ညွှန်းသောကဗျာများ လေ့လာချက်

ဒေါ်ခင်ခင်ထွေး[၁]

## စာတမ်းအကျဉ်း

ဤစာတမ်းတွင် မင်းသုဝဏ်၏ ကျေးလက်ကဗျာများမှ လူမှုရေးစိတ်ကို ထင်ဟပ်ပေါ်လွင်စေသည့် "အဘိုးမာဃ၊ ဖိုးသောကြာ၊ ရေချမ်းဒကာဖိုးသောကြာ၊ အဘိုးသြဘာ၊ မောင်ဖိုးတာကြီး၊ ကိုတင်လူလားမြောက်" ကဗျာ(၆)ပုဒ်ကို ရွေးချယ်တင်ပြထားပါသည်။ ထိုသို့တင်ပြရာတွင် အတွင်းလေ့လာမှု (Intrinsic) ဖြစ်သည့် အရေးအဖွဲ့ပုံသဏ္ဌာန်ကို အဓိကမထားဘဲ အပြင်လေ့လာမှု (Extrinsic) ဖြစ်သည့် မင်းသုဝဏ်၏ ကျေးလက်ကဗျာများမှ ဖော်ပြနေသော လူမှုရေးစိတ်ကို အဓိကထား၍ လေ့လာတင်ပြထားပါသည်။

သော့ချက်ဝေါဟာရများ – လူမှုရေးစိတ်၊ ကျေးလက်ကဗျာ

## နိဒါန်း

"မင်းသုဝဏ်၏ ကျေးလက်ကဗျာများမှ လူမှုရေးစိတ်ကို ဖော်ညွှန်းသောကဗျာများ လေ့လာချက်" ဟူသောဤစာတမ်းသည် ခေတ်စမ်းစာဆို မင်းသုဝဏ်ရေးဖွဲ့ခဲ့သော ရာသီဘွဲ့ကဗျာများ၊ အချစ်အလွမ်းကဗျာများ၊ မြန်မာလူမျိုးတို့၏ မျိုးချစ်စိတ်၊ ဇာတိသွေး ဇာတိမာန်ကို လှုံ့ဆော်ပေးသည့် ကဗျာများ၊ ကလေးကဗျာများ၊ ငှက်ကဗျာစု၊ လူ့သဘော လူ့သဘာဝကိုဖော်ညွှန်းသောကဗျာများ၊ ကျေးလက်ကဗျာများ၊ ဆုံးမဩဝါဒပေးသည့် ကဗျာများစသည့်ဖြင့် ကဗျာအမျိုးအစားပေါင်း မြောက်မြားစွာရှိသည့်အနက် ကျေးလက်နေပြည်သူတို့၏ သဘောသဘာဝကိုဖော်ပြသောကဗျာများမှ လူသားတို့ ထားရှိသင့်သည့် လူမှုရေးစိတ်ကိုပေါ်လွင်စေသည့် ကဗျာများအား လေ့လာတင်ပြသွားပါမည်။ ဤစာတမ်းပါ ကဗျာများကို လေ့လာတင်ပြရခြင်းအားဖြင့် မိမိအကျိုးသာမက အများအကျိုးကိုပါ သယ်ပိုးပြီး မိသားစုစိတ်ဓာတ်ဖြင့် စည်းလုံးပျော်ရွှင်စွာ နေထိုင်သော ကျေးလက်နေ မြန်မာ့လူနေမှုဓလေ့ထုံးစံကို သိရှိပြီး ကောင်းမြတ်သော လူမှုရေးစိတ်ဓာတ်ကို မွေးမြူတတ်စေရန် ရည်ရွယ်မှန်းမျှော်ပါသည်။

---

၁ တွဲဖက်ပါမောက္ခ၊ သမဝါယမတက္ကသိုလ် (သန်လျင်)